## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. တစ်ကြောင်းထက်ပိုသောဝါကျများကိုချိတ်ဆက်နည်း

～て(で)ကိုအသုံးပြုခြင်းဖြင့်တစ်ကြောင်းထက်ပိုသောဝါကျများကိုဝါကျတစ်ကြောင်းတည်းဖြစ်အောင်ချိတ်ဆက်နိုင်သည်။

၁) $V_1$ て-ပုံစံ၊ [$V_2$ て-ပုံစံ]、$V_3$

တစ်ခုထက်ပို၍ဆက်တိုက်ဖြစ်ပွားသောအပြုအမူများကိုဖော်ပြသောအခါ၊ထိုအပြုအမူများ၏အစီအစဉ်အတိုင်း て ပုံစံကိုအသုံးပြု၍ စီတန်းဖော်ပြသည်။ကာလကိုနောက်ဆုံးကြိယာ၏ကာလအပေါ် မူတည်၍ဆုံးဖြတ်သည်။

① 朝 ジョギングを して、シャワーを 浴びて、会社へ 行きます。
မနက်က ဂျော့ဂင်းလုပ်၊ ရေချိုးပြီး ကုမ္ပဏီကို သွားပါတယ်။

② 神戸へ 行って、映画を 見て、お茶を 飲みました。
ကိုဘေးကိုသွားပြီး၊ ရုပ်ရှင်ကြည့်ပြီး လက်ဖက်ရည်သောက်ခဲ့ပါတယ်။

၂) い-adj(～い) → ～くて

| | | |
|---|---|---|
| おおきーい → | おおきーくて | ကြီးမားသော |
| ちいさーい → | ちいさーくて | သေးငယ်သော |
| いーい → | よーくて(ခြွင်းချက်) | ကောင်းသော |

③ ミラーさんは 若くて、元気です。　မစ္စတာမီလာက ငယ်ရွယ်ပြီး ကျန်းမာပါတယ်။

④ きのうは 天気が よくて、暑かったです。　မနေ့က ရာသီဥတုသာယာပြီး ပူပါတယ်။

၃) な-adj [な] → ～で

⑤ ミラーさんは ハンサムで、親切です。　မစ္စတာမီလာက ချောမောပြီး သဘောကောင်းပါတယ်။

⑥ 奈良は 静かで、きれいな 町です。　နရက တိတ်ဆိတ်ပြီးလှပတဲ့မြို့ ဖြစ်ပါတယ်။

[မှတ်ချက်]～て(で)ကိုအသုံးပြု၍ကတ္တားပုဒ်မှအလားတူနာမဝိသေသနဝါကျသို့ချိတ်ဆက်သောအခါပြောသူ၏ယူဆချက် တန်ဖိုးနှင့်ကွဲလွဲသောဝါကျကိုချိတ်ဆက်၍မရ။ထိုအခါမျိုးတွင် が ကိုအသုံးပြုသည်။(သင်ခန်းစာ-၈မှ၄ကိုမှီငြမ်းရန်)

×この 部屋は 狭くて、きれいです。　ဒီအခန်းက ကျဉ်းပြီး လှပါတယ်။
○この 部屋は 狭いですが、きれいです。　ဒီအခန်းက ကျဉ်းပေမဲ့ လှပါတယ်။

၄) N で

⑦ カリナさんは インドネシア人で、富士大学の 留学生です。
မစ္စကရိနက အင်ဒိုနီးရှားလူမျိုးဖြစ်ပြီး ဖူဂျီတက္ကသိုလ်က နိုင်ငံခြားသားကျောင်းသူ ဖြစ်ပါတယ်။

⑧ カリナさんは 学生で、マリアさんは 主婦です。
မစ္စကရိနက ကျောင်းသူဖြစ်ပြီး၊ မစ္စမရိအကတော့ အိမ်ထောင်ရှင်မ ဖြစ်ပါတယ်။

### ၂. $V_1$ て-ပုံစံ から、$V_2$

ဤဝါကျပုံစံသည်$V_2$က$V_1$၏နောက်မှလုပ်ဆောင်ကြောင်းကိုဖော်ပြသည်။ထို့ကြောင့်$V_1$သည်$V_2$ကိုပြုလုပ်ရန်အတွက်မရှိမဖြစ် ရှိထားရမည့်လိုအပ်ချက်အဖြစ်လည်းကောင်း၊ကြိုတင်ပြင်ဆင်ထားသောပြုမှုလုပ်ဆောင်ချက်ဖြစ်ကြောင်းကိုပြောဆိုရာတွင်လည်းကောင်းအသုံးပြုလေ့ရှိသည်။ကာလကိုနောက်ဆုံးကြိယာ၏ကာလအပေါ်မူတည်၍ဆုံးဖြတ်သည်။




⑨ お金を 入れてから、ボタンを 押して ください。
ပိုက်ဆံထည့်ပြီးမှ ခလုတ်ကိုနှိပ်ပါ။

သို့သော် V て-ပုံစံ から မှကတ္တားပုဒ်ကို が ဖြင့်ဖော်ပြသည်။

⑩ もう 昼ごはんを 食べましたか。　နေ့လယ်စာ စားပြီးပြီလား။
……この 仕事が 終わってから、食べます。
......ဒီ အလုပ် ပြီးမှ စားပါမယ်။

### ၃. $N_1$ は $N_2$ が adj

ဤဝါကျပုံစံသည်အဓိကအကြောင်းအရာ($N_1$)သည်"$N_2$がadj"ဟူသောဂုဏ်သတ္တိရှိကြောင်းကိုဖော်ပြသည်။

⑪ 大阪は 食べ物が おいしいです。　အိုဆာကာ က အစားအသောက်က စားလို့ကောင်းပါတယ်။

⑫ ドイツの フランケンは ワインが 有名です。
ဂျာမနီ ဖလန်းကန် က ဝိုင် နာမည်ကြီးပါတယ်။

⑬ マリアさんは 髪が 長いです。　မစ္စမရိအ က ဆံပင် ရှည်ပါတယ်။

### ၄. N を V

でます၊ おります စသောကြိယာများကိုဝိဘတ် を နှင့်အတူတွဲ၍အသုံးပြုသည်။
၎င်း を သည်စမှတ်နှင့်ထွက်ခွာမှတ်ကိုဖော်ပြသည်။

⑭ 7時に うちを 出ます。　၇နာရီမှာ အိမ်က ထွက်ပါတယ်။

⑮ 梅田で 電車を 降りました。　အုမဲဒ မှာ ရထားကနေ ဆင်းခဲ့ပါတယ်။

### ၅. どうやって

どうやってကို လမ်းကြောင်းအစီအစဉ်နှင့်နည်းလမ်းများကို မေးမြန်းရာတွင်အသုံးပြုသည်။

⑯ 大学まで どうやって 行きますか。
တက္ကသိုလ်အထိ ဘယ်လို သွားရပါသလဲ။
……京都駅から 16番の バスに 乗って、大学前で 降ります。
......ကျိုတိုဘူတာကနေ နံပါတ်-၁၆ ဘတ်စကားစီးပြီး၊ ဒိုင်းဂခုမအယ်မှာ ဆင်းရပါတယ်။

### ၆. どれ／どの N

どれ သည်အသေအချာဖော်ပြထားသော၃ခုသို့မဟုတ်၃ခုထက်ပိုသောအရာများအနက်မှ၁ခုကိုရွေးထုတ်သတ်မှတ်ခိုင်းသောအခါတွင်အသုံးပြုသည့်အမေးစကားလုံးဖြစ်သည်။

⑰ ミラーさんの 傘は どれですか。　မစ္စတာမီလာရဲ့ ထီးက ဘယ်ဟာပါလဲ။
……あの 青い 傘です。　......ဟို အပြာရောင် ထီးပါ။

どれ သည်နာမ်ကိုတိုက်ရိုက်အထူးမပြုနိုင်။ နာမ်ကိုအထူးပြုလိုသောအခါ၌ どの ကိုအသုံးပြုသည်။

⑱ サントスさんは どの 人ですか。　မစ္စတာ ဆန်းတိုးစ က ဘယ်သူပါလဲ။
……あの 背が 高くて、髪が 黒い 人です。
......ဟို အရပ် ရှည်ရှည်၊ ဆံပင် အနက်ရောင်နဲ့ လူပါ။